**လူမှုအသိုင်းအဝိုင်းရေးရာ အကြံပြုချက်**

**နောက်တစ်ကြိမ် မူဆလင်များအား ပြည်ဝင်ခွင့်ပိတ်ခြင်းဆိုင်ရာ သိကောင်းစရာများ**

***နောက်ဆုံးပြင်ဆင်ခဲ့သောအချိန် - ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့၊***

***ပစိဖိတ် စံတော်ချိန် နေ့လယ် ၂:၃၀***

ချစ်ခင်လေးစားရပါသော လူမှုအသိုင်းအဝိုင်း အဖွဲ့ဝင်များနှင့် မိတ်ဆွေများခင်ဗျား

ပထမဆုံးအကြိမ်အဖြစ်ပြုလုပ်သည့် မူဆလင်များအား ပြည်ဝင်ခွင့် ပိတ်ပင်သော သုံးနှစ်မြောက် နှစ်ပတ်လည်နေ့အပြီး ရက်အနည်းငယ်အကြာဖြစ်သော ယနေ့တွင် သမ္မတထရမ့်အစိုးရသည် ယခင်ထက်ပိုများသော မူဆလင်များနှင့် လူဖြူမဟုတ်သော ရွှေ့ပြောင်းအခြေချနေထိုင်သူများကို ပစ်မှတ်ထားသည့် ခရီးသွားလာမှုကန့်သတ်ချက်များကို တိုးမြှင့်လိုက်ပြီ ဖြစ်ပါသည်။ တိုးမြှင့်ကန့်သတ်လိုက်သော မူဆလင်များအား ပြည်ဝင်ခွင့်ပိတ်ပင်မှုတွင် ဆူဒန်၊ နိုက်ဂျီးရီးယား၊ တန်ဇန်းနီးယား၊ မြန်မာ၊ အီရီထရီးယားနှင့် ကာဂျစ္စတန်နိုင်ငံများလည်း ပါဝင်လာခဲ့ပါသည်။ လစ်ဗျား၊ အီရန်၊ ဆိုမာလီယာ၊ ယီမင်၊ ဆီးရီးယား၊ မြောက်ကိုရီးယားနှင့် ဗင်နီဇွဲလားနိုင်ငံများမှ လူပုဂ္ဂိုလ်များမှာမူ ဤနေရာတွင်ဖော်ပြထားသည့် မူဆလင်များအား ပြည်ဝင်ခွင့်ပိတ်ပင်ခြင်းနှင့် ဆက်လက်အကျုံးဝင်နေပါသည်။

ဤအကြံပြုချက်တွင် မူဆလင်များအား ပြည်ဝင်ခွင့်ပိတ်ပင်မှု အခြေအနေနှင့်သက်ဆိုင်သော အချက်အလက်များ၊ အကျိုးဆက်ကို ခံစားရမည့်သူများ၊ ပလပ်ခွင့်ပြုရေး လုပ်ငန်းစဉ်ဟု ယူဆရသောလုပ်ငန်းစဉ်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ဖော်ပြပေးထားပါသည်။

ဤသတင်းအချက်အလက်များသည် ဥပဒေရေးရာ စိန်ခေါ်မှုအမျိုးမျိုးအပေါ်တွင်မူတည်၍ ပြောင်းလဲကောင်း ပြောင်းလဲနိုင်ပါသည်။ အပြောင်းအလဲများ ဖြစ်ပေါ်လာလျှင်လည်း နောက်ဆုံးရအခြေအနေများအား အသိပေးတင်ပြပေးသွားပါမည်။

***အချိန်ဇယား***

မူဆလင်များအား ပြည်ဝင်ခွင့်ပိတ်ပင်ခြင်းအမှတ် (၃.၀) သည် လစ်ဗျား၊ အီရန်၊ ဆိုမာလီယာ၊ ယီမင်၊ ဆီးရီးယား၊ မြောက်ကိုရီးယားနှင့် ဗင်နီဇွဲလားမှ နိုင်ငံသားများအတွက် အပြည့်အဝ အသက်ဝင်နေပြီးသား ဖြစ်ပါသည်။ တိုးမြှင့်ကန့်သတ်လိုက်သော ပြည်ဝင်ခွင့်ပိတ်ပင်မှုသည် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှစတင်ကာ ဆူဒန်၊ နိုက်ဂျီးရီယား၊ တန်ဇန်းနီးယား၊ မြန်မာ၊ အီရီထရီးယားနှင့် ကာဂျစ္စတန်နိုင်ငံမှ နိုင်ငံသားများအတွက် စတင်အသက်ဝင်တော့မည် ဖြစ်ပါသည်။

***တိုးမြှင့်ကန့်သတ်လိုက်သော ပြည်ဝင်ခွင့်ပိတ်ပင်မှု၏ အကျိုးဆက်ကို မည်သူတို့ ခံစားရမည်နည်း။***

ဆူဒန်၊ နိုက်ဂျီးရီးယား၊ တန်ဇန်းနီးယား၊ မြန်မာ၊ အီရီထရီးယားနှင့် ကာဂျစ္စတန်နိုင်ငံမှ နိုင်ငံသားအချို့အပေါ် အကျိုးသက်ရောက်မှု ရှိလာပါမည်။

တိုးမြှင့်ကန့်သတ်လိုက်သော ပြည်ဝင်ခွင့်ပိတ်ပင်မှုသည် ၁) ကန့်သတ်မှု အသက်ဝင်နေသာ နေ့စွဲတွင် အမေရိကန်ပြည်ထောင်စု ပြင်ပတွင်ရှိနေသူများ၊ ၂) ထိုရက်စွဲတွင် တရားဝင်ဗီဇာရရှိမထားသူများနှင့် ၃) ပလပ်ခွင့်ရရှိမထားသူများ (အောက်တွင်ဖော်ပြထားသည်) နှင့်သာ အကျုံးဝင်ပါသည်။

တိုးမြှင့်ကန့်သတ်လိုက်သော ပြည်ဝင်ခွင့်ပိတ်ပင်မှုသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအတွက် အကျုံးမဝင်ပါ -

- အမေရိကန်ပြည်ထောင်စုတွင် တရားဥပဒေနှင့်အညီ အမြဲတမ်း နေထိုင်နေသူများ (Green Card ကိုင်ဆောင်ထားသူများ)၊
- ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် သို့မဟုတ် ၎င်းနောက်ပိုင်းတွင် အမေရိကန် ပြည်ထောင်စုအတွင်း နေထိုင်ခွင့်ရရှိထားသူများ သို့မဟုတ် ယာယီနေထိုင်ခွင့် ရရှိထားသူများ၊
- အသစ်ထုတ်ပြန်လိုက်သော မူဆလင်များအား ပြည်ဝင်ခွင့်ပိတ်ပင်မှု အသက်ဝင်မည့်ရက်စွဲတွင် သို့မဟုတ် ထို့နောက်တွင် အမေရိကန်ပြည်ထောင်စုအတွင်း ခရီးသွားလာခွင့်ပေးသည့် ဗီဇာမဟုတ်သော အခြားအထောက်အထားတစ်ခုကို ကိုင်ဆောင်ထားသူများ၊
- ဘေးကင်းလုံခြုံသော နိုင်ငံများစာရင်းတွင် မပါဝင်သော နိုင်ငံတစ်နိုင်ငံ (non-designated country) မှ နိုင်ငံကူးလက်မှတ်တစ်ခုကို ကိုင်ဆောင်၍ ခရီးသွားနေသည့် နိုင်ငံသားနှစ်မျိုး ခံယူထားသူများ၊
- အမေရိကန်ပြည်ထောင်စုအတွင်း ခိုလှုံခွင့်ရရှိထားသူများ၊
- အမေရိကန်ပြည်ထောင်စုအတွင်း နေထိုင်ခွင့်ရရှိထားသည့် ဒုက္ခသည်များ သို့မဟုတ်
- ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေး သဘောတူညီချက်နှင့်အညီ မူလနိုင်ငံအတွင်း၌ ညှဉ်းပန်းနှိပ်စက်ခံရနိုင်ခြေများခြင်းကြောင့် ခိုလှုံခွင့်ရထားသူ၊ ပြည်ဝင်ခွင့်ဗီဇာမလိုဘဲ ဝင်ရောက်ခွင့်ရထားသူ သို့မဟုတ် အကာကွယ်ပေးမှု ရရှိထားသူများ။

***အကျိုးဆက်ခံနိုင်ငံများနှင့် သက်ဆိုင်သော အသေးစိတ်အချက်အလက်များ***

ဆူဒန်

- ဆူဒန်နိုင်ငံသားများအတွက် DV ဗီဇာများအားလုံးကို ဆိုင်းငံ့ထားပြီး ဖြစ်ပါသည်။

တန်ဇန်းနီးယား

- တန်ဇန်းနီးယားနိုင်ငံသားများအတွက် DV ဗီဇာများအားလုံးကို ဆိုင်းငံ့ထားပြီး ဖြစ်ပါသည်။

နိုက်ဂျီးရီးယား

- နိုက်ဂျီးရီးယားနိုင်ငံအတွင်းမှ ရွှေ့ပြောင်းအခြေချခွင့် ဗီဇာများအားလုံးကို ဆိုင်းငံ့ထားပြီး ဖြစ်ပါသည်။
- အမေရိကန်ပြည်ထောင်စု အစိုးရအတွက် အကူအညီများ ပေးအပ်မှုအပေါ်တွင် အခြေခံထားသော သတ်မှတ်စံနှုန်းများပြည့်မီသည့် အထူးရွှေ့ပြောင်းနေထိုင်ခွင့်ရသူများသည် ဤပိတ်ပင်မှုနှင့် အကျုံးမဝင်ပါ။

မြန်မာ

- မြန်မာနိုင်ငံအတွင်းမှ ရွှေ့ပြောင်းအခြေချခွင့် ဗီဇာများအားလုံးကို ဆိုင်းငံ့ထားပြီး ဖြစ်ပါသည်။
- အမေရိကန်ပြည်ထောင်စု အစိုးရအတွက် အကူအညီများ ပေးအပ်မှုအပေါ်တွင် အခြေခံထားသော သတ်မှတ်စံနှုန်းများပြည့်မီသည့် အထူးရွှေ့ပြောင်းနေထိုင်ခွင့်ရသူများသည် ဤပိတ်ပင်မှုနှင့် အကျုံးမဝင်ပါ။

အာရီထရီးယား

- အာရီထရီးယားနိုင်ငံအတွင်းမှ ရွှေ့ပြောင်းအခြေချခွင့် ဗီဇာများအားလုံးကို ဆိုင်းငံ့ထားပြီး ဖြစ်ပါသည်။
- အာရီထရီးယားမှ B1/B2 အလည်အပတ်ဗီဇာ သီးခြားကြေညာချက်တစ်ရပ်ဖြင့် ယခင်ကတည်းက ဆိုင်ငံ့ထားပြီး ဖြစ်ပါသည်။
- အမေရိကန်ပြည်ထောင်စု အစိုးရအတွက် အကူအညီများ ပေးအပ်မှုအပေါ်တွင် အခြေခံထားသော သတ်မှတ်စံနှုန်းများပြည့်မီသည့် အထူးရွှေ့ပြောင်းနေထိုင်ခွင့်ရသူများသည် ဤပိတ်ပင်မှုနှင့် အကျုံးမဝင်ပါ။

ကာဂျစ္စတန်

- ကာဂျစ္စတန်နိုင်ငံအတွင်းမှ ရွှေ့ပြောင်းအခြေချခွင့် ဗီဇာများအားလုံးကို ဆိုင်းငံ့ထားပြီး ဖြစ်ပါသည်။

- အမေရိကန်ပြည်ထောင်စု အစိုးရအတွက် အကူအညီများ ပေးအပ်မှုအပေါ်တွင် အခြေခံထားသော သတ်မှတ်စံနှုန်းများပြည့်မီသည့် အထူးရွှေ့ပြောင်းနေထိုင်ခွင့်ရသူများသည် ဤပိတ်ပင်မှုနှင့် အကျုံးမဝင်ပါ။

## *မူဆလင်များအား ပြည်ဝင်ခွင့်ပိတ်ပင်ခြင်းမှ ကင်းလွတ်ခွင့်ရရန် လျှောက်ထားမှုများ*

"ကင်းလွတ်ခွင့်လျှောက်ထားမှု" ဆိုသည်မှာ မူဆလင်များအား ပြည်ဝင်ခွင့်ပိတ်ပင်မှုပါ ပြဋ္ဌာန်းချက်များအရ ဗီဇာရရန် မဖြစ်နိုင်သော်လည်း အမေရိကန် ဗီဇာတစ်ခုရရှိစေမည့် ခွင့်ပြုချက်ပင် ဖြစ်ပါသည်။ မူဆလင်များအား ပြည်ဝင်ခွင့်ပိတ်ပင်မှု ၃.၀ ပါ ဖော်ပြချက်အရ တားမြစ်ခံထားရသည့် လူပုဂ္ဂိုလ်များအနေဖြင့် အောက်ပါအခြေအနေများကို ပြသပေးနိုင်သည့်အတွက် ဗီဇာထုတ်ပေးနိုင်စေမည့် ပလပ်ခွင့်တစ်ရပ်ကို တောင်းခံရန်အတွက် ကင်းလွတ်ခွင့်လျှောက်ထားမှု ပြုလုပ်နိုင်ပါသည်။

1. ပြည်ဝင်ခွင့်ငြင်းဆန်ခြင်းသည် ဗီဇာလျှောက်ထားသူအား အခက်အခဲများစွာဖြစ်စေနိုင်သည်။
2. အမေရိကန်ပြည်ထောင်စုအတွင်းသို့ ဝင်ရောက်ခြင်းသည် အမေရိကန်ပြည်ထောင်စု၏ အမျိုးသားလုံခြုံရေးနှင့် အများပြည်သူ ဘေးကင်းလုံခြုံရေးတို့အပေါ် ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်လာစေမည် မဟုတ်ပါ။ ထို့အပြင်
3. အမေရိကန်ပြည်ထောင်စုအတွင်းသို့ ဝင်ရောက်ခြင်းသည် အမေရိကန်ပြည်ထောင်စု၏ အမျိုးသားအကျိုးစီးပွားအတွက် ဖြစ်လာမည်ဖြစ်သည်။

ကောင်စစ်ဝန်အရာရှိ သို့မဟုတ် အကောက်ခွန်နှင့် နယ်စပ်ဒေသ ကာကွယ်ရေး အရာရှိတစ်ဦးသည် ဖြစ်ရပ်တစ်ခုချင်းစီအလိုက် ကင်းလွတ်ခွင့်ပြုနိုင်သော အာဏာကို ပိုင်ဆိုင်ထားသည်ဟု ဤဥပဒေတွင် ဖော်ပြထားသည်။ ထို့အတူ ကင်းလွတ်ခွင့်ပေးနိုင်သည့် ဥပမာများစွာ (အရေးပေါ် ဆေးဝါးကုသမှုကို လိုအပ်ခြင်း၊ အမေရိကန် ပြည်ထောင်စုအတွင်းရှိ မိသားစုဝင်အရင်းအချာများနှင့်

ပြန်လည်ဆုံးစည်းခြင်း၊ စီးပွားရေးကိစ္စများ၊ အစရှိသည်တို့) ကိုလည်း ဤဥပဒေတွင် စာရင်းပြုဖော်ပြထားပါသည်။

သို့သော် ကင်းလွတ်ခွင့်ပြုသော လုပ်ငန်းစဉ်တွင် မရှင်းလင်းမှုများစွာ ရှိနေသည့်အပြင် ယင်းအား မျှတမှုကင်းစွာ ကျင့်သုံးလျက်ရှိပါသည်။ အစိုးရကလည်း ကင်းလင်းခွင့်ပြုသော လုပ်ငန်းစဉ်နှင့် ပတ်သက်သည့် လမ်းညွှန်ချက်အနည်းငယ်ကိုသာ ဖော်ပြပေးထားပါသည်။ ကင်းလွတ်ခွင့်ပြုသော လုပ်ငန်းစဉ်ကို အကဲစမ်းရန်အတွက် အစိုးရအား ကျွန်ုပ်တို့၏ အဖွဲ့အစည်းများက တရားစွဲဆိုရန် စီစဉ်နေပါသည်။

ဤသည်တို့မှာ ကျွန်ုပ်တို့သိရှိထားသော အကြောင်းအရာများ ဖြစ်ပါသည် -

- ကင်းလွတ်ခွင့်ပြုရန် လျှောက်ထားမှုတစ်ရပ်ကို ပြုလုပ်နိုင်သည့် တရားဝင်လုပ်ငန်းစဉ်ဟူ၍ မရှိသေးပါ။ ဖြည့်သွင်းလျှောက်ထားရန် လျှောက်လွှာများကိုလည်း အွန်လိုင်းတွင် မရနိုင်သေးပါ။ ကင်းလွတ်ခွင့်တစ်ရပ်ရရှိရန် အရည်အချင်းပြည့်မီကြောင်း အကျဉ်းချုပ်ဖော်ပြထားသည့် ကောင်စစ်ဝန်ရုံးသို့တင်ပြသော အထောက်အထားများအား လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း နှစ်မျိုးစလုံး ဖြစ်နိုင်ပါသည်။

- ကောင်စစ်ဝန်ရုံးများစွာသည် လူပုဂ္ဂိုလ်များထံသို့ အောက်ဖော်ပြပါပုံစံတစ်ရပ်ရပ်ဖြင့် အသိပေးထားပြီး ဖြစ်ပါသည် -
    a. ဤဗီဇာအား "ပုဒ်မ ၂၁၂ (စ) အရ ငြင်းဆန်သည်" ဟု ဖော်ပြကာ ၎င်းတို့၏ ဖြစ်ရပ်အတွက် ကင်းလွတ်ခွင့်အား ကောင်စစ်ဝန်ရုံးက ငြင်းဆန်လိုက်သည် -
        - ဤဖြစ်ရပ်မျိုးတွင် ဤဆုံးဖြတ်ချက်အတွက် အယူဝင်ခံနိုင်သောလုပ်ငန်းစဉ် မရှိပါ။ ကင်းလွတ်ခွင့်ရရန်အတွက် လူပုဂ္ဂိုလ်များစွာက လျှောက်ထားနေကြသော်လည်း ၎င်းတို့၏ လျှောက်ထားမှုများကို လက်ခံခြင်းရှိ-မရှိဆိုသည်အား ရှင်းရှင်းလင်းလင်း မသိရသေးပါ။

b. ကောင်စစ်ဝန်ရုံးသည် ၎င်းတို့၏ဖြစ်ရပ်အတွက် ကင်းလွတ်ခွင့်ပြုရန် စဉ်းစားသုံးသပ်နေပါသည် -

- ဤဖြစ်ရပ်မျိုးတွင် ကောင်စစ်ဝန်ရုံးအနေဖြင့် အထက်ဖော်ပြပါ သတ်မှတ်ချက်များအကြောင်းအား အင်တာဗျူးပြုလုပ်စဉ်အတွင်း မေးမြန်းနိုင်သကဲ့သို့ ချန်လှပ်ထားခဲ့ခြင်းများလည်း ပြုလုပ်နိုင်ပါသည်။ ကောင်စစ်ဝန်ရုံးအနေဖြင့် အင်တာဗျူးပြုလုပ်စဉ်အတွင်း သို့မဟုတ် အီးမေး(လ်)/ပေးစာမှတစ်ဆင့် ပေးအပ်သည့် အထက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် သင်ကိုက်ညီကြောင်း ဖော်ပြထားသော ပေးစာတစ်စောင်ကို လက်ခံနိုင်သကဲ့သို့ ငြင်းဆန်ခြင်းများလည်း ပြုလုပ်နိုင်ပါသည်။ ထို့အတူ ကောင်စီဝန်ရုံးက သင့်ဖြစ်ရပ်အား ဝါရှင်တန်ဒီစီသို့ လွှဲပြောင်းပေးနိုင်သကဲ့သို့ မလွှဲပြောင်းဘဲလည်း နေနိုင်ပါသည်။

ကောင်စစ်ဝန်ရုံးတစ်ရုံးတွင် အင်တာဗျူးတစ်ခုပြုလုပ်ရန် စီစဉ်ထားပါက ကင်းလွတ်ခွင့်ပြုသော လုပ်ငန်းစဉ်နှင့်ပတ်သက်သည့် ဥပဒေရေးရာ အကြံပြုချက်များ ရယူပါ။

ကင်းလွတ်ခွင့်ပြုခြင်းနှင့် သက်ဆိုင်သော သတင်းအချက်အလက်များသည် အလျင်အမြန် ပြောင်းလဲနိုင်သောကြောင့် ဥပဒေကြောင်းဆိုင်ရာ (လိမ်ညာလှည့်ဖြားမှုများကို သတိပြု ရှောင်ရှားလျက်) အကူအညီများရယူခြင်းနှင့် မကြာခဏ ပြန်လည်စစ်ဆေးခြင်းများ ပြုလုပ်ပါ။

## *ဥပဒေကြောင်းဆိုင်ရာ အကူအညီများကို ဘယ်လိုရယူမလဲ*

ကျွန်ုပ်တို့အဖွဲ့နှစ်ဖွဲ့စလုံးသည် သတင်းအချက်အလက်များနှင့် ဥပဒေရေးရာ ဝန်ဆောင်မှုများအား အခမဲ့ပေးအပ်လျက်ရှိပါသည်။ အောက်ပါအခြေအနေများတွင် ကျွန်ုပ်တို့၏ အဖွဲ့အစည်းများသို့ ဆက်သွယ်နိုင်ပါသည် -

- သင် သို့မဟုတ် သင်သိသောသူတစ်ဦးသည် မူဆလင်များအား ပြည်ဝင်ခွင့်ပိတ်ပင်မှု၏ အကျိုးဆက်ကို ခံစားနေရပြီး ဥပဒေကြောင်းဆိုင်ရာ အကြံဉာဏ် သို့မဟုတ် အကူအညီအား အခမဲ့ရယူလိုခြင်း။
- "သင့်အခွင့်အရေးများကို သိရှိပါစေ" ဟူသော ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် တင်ပြဆွေးနွေးမှုတစ်ရပ်အား သင်၏ လူမှုအသိုင်းအဝိုင်းက ရယူလိုခြင်း။

**CAIR SF Bay Area:**

408.986.9874 သို့မဟုတ် အွန်လိုင်း - bit.ly/cairsfbaimmigration.

**Advancing Justice-Asian Law Caucus:**

415.848.7733 သို့မဟုတ် အွန်လိုင်း - bit.ly/TravelIntake